အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နောက်ဆက်တွဲစည်းကမ်းချက်များနှင့် ပက်သက်၍ ၂၀၁၅ခုနှစ် နိုဝင်ဘာလ (၅)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရွှေသဇင် (ဖူဂျီ)ဆပ်ပြာစက်ရုံ မှ အလုပ်ရှင်ကိုယ်စားလှယ် ဦးသောင်းဌွေသည် ကြေငြာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ယင်းထုတ်ပြန်ချက်မှာ အပိုဒ်(၅) အလုပ်ပိတ်ရက်၏ရှေ့တစ်ရက် နောက်တစ်ရက်ခွင့်မဲ့ပျက်ကွက်ပါက အလုပ်ပိတ်ရက်ကိုပါခွင့်မဲ့အဖြစ် သတ်မှတ်ပြီး အလုပ်ပိတ်ရက်အပါအဝင်ခွင့်မဲ့(၃)ရက်ပျက်ကွက်ခြင်းအတွက် ဥပဒေအရ အလုပ်မှ ထုတ်ပယ်ခြင်းခံရသည်အထိ အရေးယူခြင်းခံရမည်ဖြစ်ကာ အလုပ်မှ ထုတ်ပယ်ခြင်းအတွက်လည်း မည်သည့်နစ်နာကြေးမှ ခံစားခွင့် မရှိစေရ။ အပိုဒ်(၆) ခွင့်မဲ့ပျက်ကွက်ခြင်းနှင့် ပက်သက်၍ ပထမအကြိမ် ခေါ်ယူသတိပေးခြင်း၊ ဒုတိယအကြိမ် စာဖြင့် အကြောင်းကြားသတိပေးခြင်း၊ တတိယအကြိမ် ခံဝန်လက်မှတ်ရေးထိုးစေ၍ သတိပေးခြင်းပြုမည်။ ထပ်မံကျူးလွန်လျှင် နစ်နာကြေးကိုမှ ခံစားခွင့်မရှိစေရဟု စည်းကမ်းသတ်မှတ်ထားပါသည်။ထိုကိစ္စနှင့် ပက်သက်၍ တည်ဆဲဥပဒေနှင့်အညီ သတ်မှတ်ထားခြင်းဖြစ်သောကြောင့် အလုပ်သမားကိုယ်စားလှယ်များမှ ပြင်ဆင်ညှိနှိုင်းပေးရန်တင်ပြလာခြင်းအပေါ် လက်မခံနိုင်ကြောင်းအကြောင်းပြန်ပါသည်။ ယင်းကိစ္စနှင့် ပက်သက်၍ အလုပ်သမားကိုယ်စားလှယ်များနှင့် အလုပ်ရှင်ကိုယ်စားလှယ်တို့သည် (၃.၁၁.၂၀၁၅)ရက်နေ့တွင် စက်ရုံတွင်လည်းကောင်း၊ (၄.၁၁.၂၀၁၅)ရက်နေ့တွင် ပြည်ကြီးတံခွန်မြို့နယ်၊ အလုပ်သမားညွှန်ကြားရေးမှူးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိရှေ့မှောက်တွင်လည်းကောင်း ရှင်းလင်းဆွေးနွေးပြီးဖြစ်ပါသည်။ ယင်းသို့ ဆွေးနွေးပြီးနောက်(၄.၁၁.၂၀၁၅)ညနေတွင် အလုပ်သမားအားလုံးအားခေါ်ယူ၍ (၅.၁၁.၂၀၁၅)နေ့ (၂)နာရီတွင် အလုပ်ခန့်ထားမှုသဘောတူစာချုပ်ချုပ်ဆိုရန် ပြောဆိုပြီးဖြစ်ပြီး အထက်ပါစည်းမျဉ်းများကိုလည်း လုံးဝပြင်ဆင်ပေးမည်မဟုတ်ဟု ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်များနှင့်ပက်သက်၍ ၄င်းစာချုပ်တွင်ပါဝင်သော အချို့သောအချက်များကို ပြင်ဆင်ရန် ကျန်ရှိနေသော အချက်များဆက်လက်ညှိနှိုင်းပြီးမှသာ စာချုပ်ချုပ်ဆိုမည်ဟု အလုပ်သမား

ကိုယ်စားလှယ်များက ပြောဆိုရာတွင် အလုပ်ရှင်ကိုယ်စားလှယ်မှ လုံးဝငြင်းဆန်ကာ အလုပ်သမား ကိုယ်စားလှယ်များမသိခင် အလုပ်သမားများအား လက်မှတ်ရေးထိုးစေခဲ့ပါသည်။

ထိုသို့ အလုပ်သဘောတူစာချုပ်နှင့်ပက်သက်၍ အလုပ်ရှင်ဘက်မှ တစ်ဖက်သတ်ဆောင်ရွက်နေမှုများ နှင့် အလုပ်သမားများ၏အခက်အခဲများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးမင်းမင်းဂင်းထံသို့ အလုပ်သမားကိုယ်စားလှယ်များက သွားရောက်ဆွေးနွေးခဲ့ပြီး ယင်းကိစ္စနှင့် ပက်သက်၍ အလုပ်ရှင်ကို အလုပ်သမားအဖွဲ့အစည်းနှင့် ဆွေးနွေးပေးမည်ဟု ၄င်းကပြောဆိုခဲ့သော်လည်း (၁၆.၁၁.၂၀၁၅)ရက်နေ့အထိ ဆောင်ရွက်ပေးခြင်းမရှိသောကြောင့် အလုပ်သမားများအားကူညီပေးဂုန် (AFFM-IUF) အထွေထွေအတွင်း ရေးမှူး ဦးဇာနည်သွေးထံ ၂၀၁၅ခုနှစ် နိုဂင်ဘာလ (၁၆) ရက်နေ့တွင် တင်းပြတောင်းဆိုထားသည်။